လမ်းကြောင်းထွင်အာဘော်များကို ဆန်းစစ်သုံးသပ်ခြင်း **အမှတ်(၂)**
၂၀၂၁ ခုနှစ် ဩဂုတ် ၂ ရက်

# မြန်မာ့ဘဏ်စနစ်ပြိုလဲတော့မလား ဆွေးနွေးချက်များအား ဆန်းစစ်ခြင်း



ဒေါက်တာဆုမွန်သဇင်အောင်နှင့်
နန်းစန္ဒာကျော်တို့ ရေးသားသည်။

**သုံးသပ်မည့် အစီရင်ခံစာများနှင့် ဆောင်းပါးများ**

The Economist Intelligence Unit. (2021, July). *Country Report - Myanmar (3rd Quarter 2021).* Economist Intelligence Unit Limited.

The World Bank. (2021). *Myanmar Economic Monitor July 2021 Process Threatened; Resilience Tested.* World Bank Group. Retrieved from https://pubdocs.worldbank.org/en/5254716270 57268984/Myanmar-Economic-Monitor-July-2021 [Access Date: 2021, July 26]

Khine (2021, May 13). A crisis of confidence looms over Myanmar's banks. *Frontier Myanmar.* https://www.frontiermyanmar.net/en/a-crisis-of-confidence-looms-over-myanmars-banks [Access Date: 2021, July 5]

Oo, D., & Crispin, S. (2021, June 13). Myanmar banks on edge of a coup-caused collapse. *Asia Times.* https://asiatimes.com/2021/06/myanmar-banks-on-edge-of-a-coup-caused-collapse/. [Access Date: 2021, July 10]

Reed, J. (2021, May 30). Cash shortage threatens a banking crisis in Myanmar. *Financial Times.* https://www.ft.com/con-tent/7632c1b0-4581-434f-86d6-bdceaff8e947. [Access Date: 2021, July 5]

## နိဒါန်း

အာဏာသိမ်းပြီးနောက်ပိုင်း ဖြစ်လာတဲ့ ငွေသားရှားပါးမှုပြဿနာဟာ အခုအချိန်မှာလည်း ပြေလည်ခြင်းမရှိသေးပါဘူး။ ဘဏ်ထဲမှာ စုငွေရှိသည့်တိုင် ငွေသားထုတ်ယူဖို့ အခက်အခဲ ကြုံနေရတာကြောင့် ကိုဗစ်တတိယလှိုင်းလိုကပ်ဘေးကို ရင်ဆိုင်ရတဲ့အခါ တပူပေါ်နှစ်ပူဆင့်လာပါတယ်။ အခြေခံစားသောက်ကုန်နဲ့ ဆေးဝါးဝယ်တာက စပြီး အရေးပေါ် အောက်ဆီဂျင်ဝယ်တဲ့ကိစ္စအထိ ငွေသား အလုံအလောက် မရှိတော့ပါဘူး။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းကလည်း ကိုဗစ်-၁၉ဆိုင်ရာ ကိစ္စရပ်များအတွက် ကန့်သတ်ပမာဏထက် ကျော်လွန်ပြီး ငွေထုတ်ခွင့်ပြုဖို့ နိုင်ငံပိုင်ဘဏ်တွေ၊ ပုဂ္ဂလိကဘဏ်တွေနဲ့ နိုင်ငံခြားဘဏ်၊ ဘဏ်ခွဲတွေဆီကို ဗဟိုဘဏ်က အကြောင်းကြားစာ ပို့ခဲ့ပါတယ်။ ဒီလိုမျိုး ငွေသားရှားပါးမှု ပြဿနာကို ဖြေရှင်းဖို့ ဗဟိုဘဏ်က အကြိမ်ကြိမ်ကြိုးပမ်းခဲ့ပေမဲ့ အာဏာမသိမ်းခင်ကာလက ရှိခဲ့တဲ့ အခြေအနေ၊ အဆင့်မျိုး ပြန်ရောက်အောင် ထိန်းသိမ်းနိုင်စွမ်းမရှိသေးတာ တွေ့ရပါတယ်။ နဂိုကတည်းက ချည့်နဲ့နေပြီး ချို့ယွင်းချက် ဗရပွ ဖြစ်နေတဲ့မြန်မာ့ဘဏ်စနစ်ဟာ ဒီကြားထဲ အကျပ်အတည်းတခုခုနဲ့ ထပ်ကြုံရရင် အမှိုက်ကစ ပြာသာဒ်မီးလောင် မဖြစ်ဘူးလို့လည်း မပြောနိုင်ပါဘူး။ ဒါကြောင့်လည်း ဘဏ်စနစ်တခုလုံး ပြိုလဲတော့မလားဆိုတဲ့ ဆွေးနွေးချက်တွေ ရှိလာပါတယ်။

ဒီယူဆချက်နဲ့ ပတ်သက်ပြီး မြန်မာ့အရေးကျွမ်းကျင်သူ သမိုင်းပညာရှင်ဖြစ်တဲ့ ဒေါက်တာသန့်မြင့်ဦးက သြဇာကြီးမားတဲ့ ကမ္ဘာ့စီးပွားရေးစာစောင် Financial Times ကို ပြောကြားရာမှာ '၂၀၁၆ ခုနှစ်ကတည်းက မြန်မာ့ဘဏ်စနစ်မှာ အကျပ်အတည်းတွေ ရှိနေခဲ့တာ'လို့ သုံးသပ်ပါတယ်။ ဒါပေမဲ့ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုတွေနဲ့အတူ ဖြစ်လာတဲ့ ငွေဖြစ်လွယ်မှုပြဿနာအပေါ် ဗဟိုဘဏ်ရဲ့ ကိုင်တွယ်ဖြေရှင်းပုံ အားနည်းတာတွေ၊ ဖြေရှင်းဖို့ စိတ်ဆန္ဒအားနည်းတာတွေနဲ့ ဘဏ်တွေအပေါ် ပုံမှန်ရှိနေကျ ယုံကြည်မှု မရှိတော့တာတွေက အကျပ်အတည်းကို ပိုပြီးဆိုးရွားစေခဲ့တယ်လို့ ဆိုပါတယ်။

Financial Times ရဲ့ဘန်ကောက်အခြေစိုက် သတင်းထောက် John Reed ရေးသားခဲ့တဲ့ ဆောင်းပါးမှာ 'မြန်မာနိုင်ငံရဲ့ငွေသားရှားပါးမှုပြဿနာဟာ (ပြည်သူဘက်က) ယုံကြည်မှုမရှိတော့တာကြောင့် ဘဏ်အကျပ်အတည်းဖြစ်ဖို့ ခြိမ်းခြောက်နေတယ်'လို့ ဆိုပါတယ်။ ဒီရှုမြင်ချက်ကိုပဲ Crisis of Confidence လို့ ဆောင်းပါးရှင် ခိုင်က Frontier Myanmar မဂ္ဂဇင်းမှာ သုံးသပ်ခဲ့ပါတယ်။ ဒ့ါအပြင် ဆောင်းပါးရှင် Dominic Oo နဲ့ Shawn W. Crispin တို့က 'ယုံကြည်မှုပြဿနာအပြင် အရင်ကတည်းက ပြန်မဆပ်နိုင်တဲ့ ဘဏ်ချေးငွေတွေရှိတာကြောင့် အခြေမခိုင်တဲ့ဘဏ်တွေဟာ နိုင်ငံရေး မတည်ငြိမ်မှုဖြစ်ချိန်မှာ ပြိုလဲလုနီးပါးအခြေအနေ ဆိုက်သွားတယ်'လို့ ဒေသတွင်း ထင်ရှားတဲ့မဂ္ဂဇင်းတစောင်ဖြစ်တဲ့ Asia Times မှာ ဆွေးနွေးထားပါတယ်။

ကမ္ဘောဇဘဏ်က ဒီရက်ပိုင်းထုတ်ပြန်ခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေး စောင့်ကြည့်အစီရင်ခံစာမှာ ဘဏ်တွေနဲ့ပတ်သက်ပြီး ယုံကြည်မှုပြဿနာနဲ့ အခြေခံလိုအပ်ချက်တွေအကြောင်းကို အသေးစိတ် ထောက်ပြထားပါတယ်။ ဒါပေမဲ့ ဘဏ်တွေ ပြိုလဲနိုင်ခြေ ရှိမရှိကိုတော့ မှတ်ချက်ပြုထားတာ မတွေ့ရပါဘူး။ စီးပွားရေးနဲ့ ဘဏ္ဍာရေးဆိုင်ရာ အကြောင်းအချက်တွေကို သုံးသပ်ပြီး ဖြစ်တန်ခြေ အနေအထားတွေကို

INFOGUIDE

■ **ဘဏ်စာရင်းမှကျပ်ငွေများကို ငွေသားအဖြစ်သို့ ထပ်ဆောင်းရာခိုင်နှုန်းဖြင့် လဲလှယ်ပေးရာ၌ လအလိုက်ဖြစ်ခဲ့သော နှုန်းထားများ**

| | ကမ္ဘောဇဘဏ် | ရိုးမဘဏ် | CB ဘဏ် | MAB ဘဏ် |
|---|---|---|---|---|
| မတ် | ၁၂ % | ၁၃ % | ၁၁ % | ၁၄ % |
| ဧပြီ | ၁၁-၁၅ % | ၁၄-၁၇ % | ၁၂ % | ၁၃ % |
| မေ | ၈-၁၀ % | ၁၁ % | ၉ % | ၁၀ % |
| ဇွန် | ၆-၉ % | ၉-၁၀ % | ၈ % | ၁၁-၁၂ % |
| ဇူလိုင် | ၆-၉ % | ၇ % | ၆ % | ၁၁ % |

စစ်အာဏာသိမ်းပြီးနောက်ပိုင်း ငွေသားရှားပါးမှု ကျပ်ငွေ အကျပ်အတည်းနှင့်အတူ ဘဏ်စုဆောင်းငွေများကို (လိုအပ်သည့် ပမာဏပေါ်မူတည်၍) ထပ်ဆောင်းရာခိုင်နှုန်းဖြင့် ငွေသားဖလှယ်ပေးသည့် တရားမဝင်ဈေးကွက်တခု ပေါ်ပေါက်ခဲ့သည်။ ထိုသို့ ကျပ်ငွေအပေါ်မှာပင် ထပ်ဆောင်းရာခိုင်နှုန်းဖြင့် ထုတ်ယူရသော တရားမဝင်ဈေးကွက်မှာ လက်ရှိအချိန်အထိ ဆက်ရှိနေဆဲဖြစ်ပါသည်။ ပြီးခဲ့သည့် ငါးလတာကာလအတွင်း ဖြစ်ပေါ်ခဲ့သော ထပ်ဆောင်းရာခိုင်နှုန်းဖြင့် ငွေသားဖလှယ်ပေးမှု နှုန်းထားများအား လေ့လာပါက ဧပြီလတွင် အမြင့်ဆုံးနှုန်းထားများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ လက်ရှိအချိန်တွင် ပျှမ်းမျှ ခြောက်ရာခိုင်နှုန်းဖြင့် ငွေသားဖလှယ်နေသည်ကို တွေ့ရှိရပါသည်။

ရည်ညွှန်း - ရန်ကုန်နှင့် မန္တလေးရှိ ငွေသားလဲလှယ်ပေးသော ဝန်ဆောင်မှုများကို ISP-Myanmar က မေးမြန်းပြီး စုဆောင်းထားခြင်းဖြစ်သည်။

အချက်အလက်တွေနဲ့ ဖော်ပြတဲ့ The Economist Intelligence Unit (EIU) က ထုတ်ခဲ့တဲ့ ၂၀၂၁ခုနှစ် အတွက် မြန်မာနိုင်ငံဆိုင်ရာ တတိယအကြိမ် အစီရင်ခံစာမှာ နိုင်ငံ(စစ်ကောင်စီ)အနေနဲ့ ချေးငွေတွေအားလုံး ပြန်မဆပ်နိုင်တော့မယ့် အနေအထား (sovereign default) ကို မရောက်နိုင်သေးပေမယ့် တိုင်းပြည် ဖရိုဖရဲဖြစ်နေတာနဲ့အမျှ ဖြစ်နိုင်ခြေက မြင့်မားနေပါတယ်လို့ သုံးသပ်ခဲ့ပါတယ်။

**အရေးပါသည့် ဆွေးနွေးချက်များ၊ အထောက်အထားနှင့် အကြံပြုချက်များ**

မြန်မာနိုင်ငံမှာ ဘဏ်စနစ်တခုလုံး ပြိုလဲနိုင်တဲ့ အထိ ကပ်ဆိုက်သွားနိုင်တယ်ဆိုတဲ့ ဆွေးနွေးချက်တွေမှာ အချက်သုံးချက်ကို အဓိကထားပြီး သုံးသပ်ပြောဆိုကြပါတယ်။

ပထမဆုံးအချက်က ဘဏ်စနစ် ကပ်ဆိုက်ရောက်နိုင်ခြေဟာ ‘ယုံကြည်မှုအကျပ်အတည်း’ကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။ ပြည်သူတွေက စစ်အာဏာရှင်စနစ်ကို လက်မခံတာကြောင့် စစ်အာဏာရှင်တွေ အုပ်ချုပ်စီမံတဲ့ ငွေကြေးစီမံခန့်ခွဲမှုအောက်မှာ စုဆောင်းငွေတွေကို မထားချင်တော့ပါဘူး။ ဒါ့အပြင် စစ်အာဏာရှင်စနစ် လက်အောက်မှာ ကြိုးဆွဲရာ ‘က’ရတဲ့ ဗဟိုဘဏ်ရဲ့ ရပ်တည်မှုကလည်း အာဏာရှင်ရဲ့ အကျိုးစီးပွားအတွက်သာ ဦးတည်လေ့ရှိတာကြောင့် ဗဟိုဘဏ်က ဘယ်လိုဖြေရှင်းမှုတွေပဲ လုပ်ပါစေ၊ထိရောက်ဖို့အားနည်းပါတယ်။ဥပမာအားဖြင့် ငွေသားထုတ်ယူတဲ့ အခါ တဦးကို တပတ် ငွေကျပ် သိန်း ၂၀၊ တရက်ကို ကျပ်ငါးသိန်း စသဖြင့် ကန့်သတ်မှုတွေ လုပ်ခဲ့ခြင်းကိုက ဗဟိုဘဏ်ရဲ့ပြဿနာဖြေရှင်းနိုင်စွမ်းအပေါ် ယုံကြည်မှုပိုကျစေပါတယ်။ တချိန်တည်းမှာပဲ ငွေကြေးရိုက်ထုတ်ဖို့အတွက် နည်းပညာနဲ့ ကုန်ကြမ်းတွေရောင်းပေးနေတဲ့ ဂျာမနီအခြေစိုက်လုပ်ငန်းကပါ စစ်အာဏာသိမ်းမှုကို ဒဏ်ခတ်တဲ့အနေနဲ့ မြန်မာနိုင်ငံအတွက် ကုန်ကြမ်းတွေ မရောင်းပေးတော့ဘူးလို့ ဆိုခဲ့ပါတယ်။ ဒါကိုလည်း ဖြေရှင်းနိုင်စွမ်းမရှိတဲ့အခါ ဗဟိုဘဏ်ရဲ့ လုပ်ဆောင်နိုင်မှုအကန့်အသတ်က ပိုထင်ရှားခဲ့ပါတယ်။

ဒါ့ကြောင့် အပ်နှံထားတဲ့ငွေကြေးတွေကို ရသလောက် တိုးကြိတ် ထုတ်ယူတာတွေ ပိုလုပ်လာပါတယ်။ စီးပွားရေးလုပ်ငန်းတွေကလည်း အရောင်းအဝယ် လုပ်တဲ့အခါ အွန်လိုင်းကနေ ပေးချေတာထက် ငွေစက္ကူနဲ့ပဲ လက်ခံခဲ့တာကြောင့် ငွေသားလိုအပ်ချက်ဟာ ပြည်သူလူထုအတွက် အခက်အခဲကြီးတခု ဖြစ်နေပါတယ်။ တခါလက်ထဲရှိနေတဲ့ ငွေတွေကို ငွေဖြစ်လွယ်တဲ့ ရွှေ၊ အမေရိကန်ဒေါ်လာတို့နဲ့ လဲလှယ်ဝယ်ယူကြတာကြောင့် မြန်မာငွေကြေးတန်ဖိုးက အဆမတန် ထိုးဆင်းခဲ့ပါတယ် (Khine, 2021)။ ရလဒ်အားဖြင့် ငွေအပ်နှံသူတွေရဲ့ ဘဏ်တွေအပေါ်ထားရှိတဲ့ ယုံကြည်မှုဟာ ပိုကျဆင်းလာပါတယ်။ ဒီလို ဘဏ်တွေအများစုအပေါ် ယုံကြည်မှုလျော့နည်းရာကနေ ငွေအပ်နှံသူတွေ တယောက်ကနေနှစ်ယောက်၊ နှစ်ယောက်ကနေသုံးယောက်၊ အဲဒီကမှ လူအားလုံး စိုးရိမ်ထိတ်လန့်တကြီး ငွေတွေ ဝိုင်းပြီး ပြန်ထုတ်ကြရင်းနဲ့ ဘဏ်မှာ ငွေစုပြုံထုတ်တဲ့ပြဿနာ (bank run) ဖြစ်လာပါတယ်။ ‘ဘဏ်

■ မြန်မာငွေတန်ဖိုးကျမှု




စစ်အာဏာသိမ်းပြီးနောက်ပိုင်း အမေရိကန်ဒေါ်လာနှင့် လဲလှယ်သော မြန်မာကျပ်ငွေတန်ဖိုး ဆက်တိုက်ကျဆင်းလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ဖြစ်ပေါ်ခဲ့သော ငွေကျပ်တန်ဖိုးနှင့် နှိုင်းယှဉ်ပါက ၂၃ ရာခိုင်နှုန်းကျော် ကျဆင်းသွားသည်။

ရည်ညွှန်း - The World Bank, 2021

**၂၆၃ ဒသမ ၉ ဘီလီယံ**

၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာအထိ ခြောက်လတာ ကာလအတွင်း အစိုးရဘဏ်သုံးခု၏ ချေးငွေ ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၂၆၃ ဒသမ ၉ ဘီလီယံ ရှိခဲ့သည်။

တွေမှာ ငွေတွေစုပြုံထုတ်တဲ့ပြဿနာကို ရုတ်တရက်ကြည့်ရင် ဘဏ္ဍာရေး အခြေခံလိုအပ်ချက်တွေ မကောင်းတာကြောင့်’လို့ ပြောကြပါတယ်။ ဒါပေမဲ့ ‘လူထုထောက်ခံမှုမရှိတဲ့ အုပ်စိုးသူတွေကို ပြည်သူယုံကြည်မှုမရှိတော့တာက အမှန်တရားတခု ဖြစ်တယ်’လို့ မြန်မာ့ ဝါရင့်စီးပွားရေးလုပ်ငန်းရှင်တဦးက Asia Times မဂ္ဂဇင်းရဲ့မေးမြန်းချက်ကို ဖြေကြားရာမှာ ပြောခဲ့ပါတယ်။

ဒုတိယအချက်က ဘဏ်တွေရဲ့ အခြေခံလိုအပ်ချက် တောင့်တင်းမှုမရှိတဲ့ အနေအထားကြောင့် ဖြစ်ပါတယ်။ The Economic Intelligence Unit (EIU) က ၂၀၂၁ ခုနှစ်မှာ တတိယအကြိမ်ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာအရဆိုရင် ‘မြန်မာနိုင်ငံမှာရှိတဲ့ ဘဏ်တွေဟာ ညံ့ဖျင်းတဲ့ အကဲဖြတ်ချက်တွေအပေါ်မူတည်ပြီး ချေးငွေထုတ်ပေးဖို့ ဆုံးဖြတ်ချက်ချကြတယ်၊ ဒါဟာ ဘဏ်တွေ ကပ်ဆိုက်စေမယ့် အန္တရာယ်ကို ဦးတည်နေတယ်’လို့ ပြောခဲ့ပါတယ်။ Asia Times မဂ္ဂဇင်းရဲ့ ဆောင်းပါးမှာလည်း ၂၀၂၁ ဇန်နဝါရီလ စစ်အာဏာမသိမ်းခင်တုန်းက အခြေအနေတရပ်ကို ဆွေးနွေးခဲ့ပါတယ်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund - IMF) က မြန်မာနိုင်ငံမှာရှိတဲ့ ပြည်တွင်းဘဏ်တွေရဲ့ဘဏ္ဍာရေးအခြေအနေအစစ်အမှန်ကို သိရဖို့ နိုင်ငံတကာစစ်ဆေးရေးအဖွဲ့တွေနဲ့ အမြန်ဆုံးစစ်ဆေးပြီး ကုစားပြင်ဆင်ဖို့ အထူးသတိပေးထားပြီး ဒါက ဘဏ်တွေရဲ့စိုးရိမ်ရတဲ့ အခြေအနေကို ပြဆိုနေတာပါ (Oo & Crispin, 2021)။ တခါ ၂၀၁၇ ခုနှစ်မှာ ဗဟိုဘဏ်ကချမှတ်ခဲ့တဲ့ ပိုမိုတင်းကျပ်တဲ့ နိုင်ငံတကာစံနှုန်းတွေနဲ့ ကိုက်ညီစေမယ့် စည်းမျဉ်းအသစ်တွေ ထုတ်ပြန်လိုက်ချိန်မှာ အဲဒီအချိန်ထိ တောက်လျှောက်ချေးထားခဲ့တဲ့ ဘဏ်ချေးငွေတွေအားလုံးရဲ့ သုံးပုံတပုံဟာ ကြွေးဆုံးဖြစ်မယ်လို့ ခန့်မှန်းကြပါတယ် (GIZ Myanmar, 2021)။ ၂၀၁၈ ခုနှစ် ဧပြီကနေ စက်တင်ဘာလအထိ ခြောက်လတာကာလမှာ အစိုးရဘဏ်သုံးခုရဲ့ ချေးငွေဆုံးရှုံးမှုတန်ဖိုးဟာ ကျပ် ၂၆၃ဒသမ ၉ဘီလီယံရှိပါတယ် (Chan Mya Htwe, 2020)။ NLD အစိုးရလက်ထက်မှာ ကိုဗစ်ကာလ စီးပွားရေးကုစားမှု မူဝါဒတွေအရ စည်းမျဉ်းအသစ်တွေကို ဘဏ်တွေလိုက်နာဖို့အတွက် ၂၀၂၃ ခုနှစ် အထိ ဗဟိုဘဏ်က ရွှေ့ဆိုင်းခဲ့ပေမဲ့ ဘဏ်ချေးငွေ အမြောက်အမြား ဆုံးရှုံးမယ့်အန္တရာယ်ကို အဲဒီအချိန်ကတည်းက ကြုံနေခဲ့ရတာပါ (The World Bank, 2021)။ မြန်မာနိုင်ငံက ဘဏ်တွေရဲ့အနေအထားဟာ နဂိုကတည်းက ယိုင်နဲ့နေခဲ့ရာကနေ စစ်အာဏာသိမ်းမှုကြောင့် ပိုပြီးဆိုးရွားစေခဲ့တယ်။ ပြန်မဆပ်နိုင်တော့တဲ့ ချေးငွေတွေကြောင့် ဘဏ်တွေ အရှုံးပေါ်လာနိုင်ပြီး ငွေအပ်နှံသူတွေကလည်း ရုတ်တရက် စုပြုံပြီး ငွေထုတ်ကြတဲ့အခါ ထုတ်မပေးနိုင်တော့ခြင်းက ဘဏ်တွေပြိုလဲမယ့် အခြေအနေကို တွန်းပို့သလို ဖြစ်စေခဲ့ပါတယ်။

တတိယအချက်က မူဝါဒချမှတ် ကြိုးကိုင်သူတွေကိုယ်၌က မူဝါဒအမှားတွေ ချမှတ်တာ၊ ပြဿနာကိုဖြေရှင်းဖို့ စိတ်ပြင်းပြမှု မရှိတာတွေကြောင့် ဖြစ်ပါတယ်။ ဗဟိုဘဏ်နဲ့ ဘဏ်တွေရဲ့ ငွေသားအကျပ်အတည်းကို ဖြေရှင်းတဲ့နည်းတွေက လက်ရှိပြဿနာတွေကို မပြေလည်စေပါဘူး။ တခါ ချမှတ်လိုက်တဲ့ မူဝါဒစည်းမျဉ်း

တွေကြောင့် ပြဿနာ ပိုဆိုးရွားသွားတာတွေ ရှိနေပါတယ်။ ငွေစက္ကူရှားပါးမှု လျော့ကျဖို့ ပိတ်ထားတဲ့ ပုဂ္ဂလိကဘဏ်တွေကို ဗဟိုဘဏ်က အတင်းအကျပ် ပြန်ဖွင့်စေပြီး ငွေထုတ်လက်ခံတာတွေ ရှိပါတယ်။ အခြားတဖက်မှာလဲ မှောင်ခိုဈေးကွက် ဖြစ်လာတာကို ကိုင်တွယ်ဖို့၊ မလိုအပ်ဘဲ ငွေထုတ်ယူမှု မရှိစေဖို့ဆိုပြီး ဘဏ်အပ်ငွေထုတ်ယူမှု ပမာဏကို ကန့်သတ်လိုက်တာ၊ နေ့စဉ် ငွေပြန်ထုတ်ပေးတဲ့ လူဦးရေကို ကန့်သတ်တာတွေ ဆောင်ရွက်ခဲ့ပါတယ်။ အွန်လိုင်းငွေပေးချေမှုစနစ်ကို ပိုလုပ်ကြဖို့ ဗဟိုဘဏ်က တိုက်တွန်းနေချိန်မှာပဲ စစ်ကောင်စီက တယ်လီဖုန်း အင်တာနက်တွေကို ဖြတ်

**INFOGUIDE**

## ■ အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် ဗဟိုဘဏ်က ချမှတ်ခဲ့ကြသော မူဝါဒများ

| | စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကို ဖိနှိပ်သော စစ်ကောင်စီနှင့် ဗဟိုဘဏ်၏ မူဝါဒများ | ငွေသားအကျပ်အတည်းအတွက် ဗဟိုဘဏ်က ကြားဝင်သော မူဝါဒများ |
|---|---|---|
| ဖေဖော်ဝါရီ ၃ | | ဘဏ်များပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း၊ |
| ဖေဖော်ဝါရီ ၆ | အိမ်သုံးအင်တာနက်များ အချိန်အကန့်အသတ်ဖြင့် စတင်ဖြတ်တောက်ခြင်း၊ | |
| မတ် ၁-၅ | | (၁) ဘဏ်အပ်နှံငွေ ထုတ်ယူမှုများကို လူတဦးလျှင် တရက် ကျပ်ငါးသိန်း၊ တပတ် ကျပ် သိန်း ၂၀ သာ ထုတ်ယူခွင့်ပြုရန် စတင်ကန့်သတ်ခြင်း (၂) ဘဏ်များ ပြန်လည်မဖွင့်ပါက အရေးယူရန် ညွှန်ကြားစာထုတ်ခြင်း၊ |
| မတ် ၁၂-၁၅ | (၁) NGO အဖွဲ့အစည်းဖြစ်တဲ့ Open Society Myanmar ဘဏ်စာရင်းနဲ့ပတ်သက်ပြီး စစ်ဆေးမှုလုပ်ခြင်း၊ NGO နှင့် INGO နဲ့ပတ်သက်သော စာရင်းများပို့ရန် ဘဏ်များကိုညွှန်ကြားခြင်း၊ (၂) Safebox ထားရှိသူ အမည်စာရင်းများ ပြန်ကြားနိုင်ရန် ပုဂ္ဂလိကဘဏ်များကို ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊ (၃) မိုဘိုင်းလ်အင်တာနက်များ စတင်ဖြတ်တောက်ခြင်း၊ | |
| ဧပြီ ၂၇ | | မေ ၃ ရက်မှစ၍ အကန့်အသတ်မရှိ ငွေထုတ်ယူနိုင်သည့် ဘဏ်စာရင်းအသစ် ဖွင့်နိုင်ကြောင်း သတင်းထုတ်ပြန်ခြင်း၊ |
| မေ ၇ | | ငွေကြေးလွှယ်ကူမှုအချိုး တွက်ချက်သည့်ပုံစံအား ယာယီ ပြင်ဆင်သတ်မှတ် ဘဏ်များက မြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံး သီးသန့်ငွေလိုအပ်ချက် ယာယီပြင်ဆင် လျှော့ချသတ်မှတ်ခြင်း၊ |
| မေ ၇ | (၁) ဖေဖော်ဝါရီ ၁ မှ မေ ၇ အထိ ငွေသားထုတ်ယူမှု စာရင်းများကို ဘဏ်များထံမှ တောင်းခံ (၂) အိမ်သုံးနှင့် မိုဘိုင်းလ်အင်တာနက်များ ပြန်လည်ရရှိခြင်း၊ | |
| ဇွန် ၂၆ | | Digital payment ဖြင့် ရောင်းရငွေအပေါ်တွင် ငွေသားဖြင့် အများဆုံး ၅၀ ရာခိုင်နှုန်းသာ ပြန်ထုတ်ပေးရန် ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊ |
| ဇူလိုင် ၂၈ | | ကိုဗစ်-၁၉ ဆိုင်ရာ ကိစ္စရပ်များအတွက် ကန့်သတ်ပမာဏထက် ကျော်လွန်၍ ငွေထုတ်ခွင့်ပြုရန် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိက ဘဏ်များနှင့် နိုင်ငံခြားဘဏ်၊ ဘဏ်ခွဲများထံ ဗဟိုဘဏ်က အကြောင်းကြားစာပေးပို့ခဲ့ခြင်း၊ |

ရည်ညွှန်း - ISP-Myanmar

တောက်လိုက်ပါတယ်။ အကျိုးဆက်အားဖြင့် ATM တွေမှာ ငွေထုတ်ယူလို့ မရတော့တာ၊ အွန်လိုင်းငွေပေးချေမှုတွေ ရပ်ဆိုင်းသွားတာ၊ အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းတွေပါ ရပ်တန့်သွားတာတွေ ဖြစ်ခဲ့ပါတယ် (Khine, 2021)။

ငွေသား အကျပ်အတည်းပြဿနာဟာ နိုင်ငံရဲ့ လူမှုစီးပွားရေးစနစ်တခုလုံးကို ရိုက်ခတ်နေတဲ့ မူဝါဒပြဿနာကြီးတခုအဖြစ် ဗဟိုဘဏ်အုပ်ချုပ်သူတွေက အခုထိ မမြင်သေးပါဘူး။ ဗဟိုဘဏ်ရဲ့ မူဝါဒချို့ယွင်းချက်ကြောင့် လက်ရှိပြဿနာ ပိုဆိုးရွားသွားစေနိုင်တဲ့ ဖြစ်နိုင်ခြေကို ပြန်သုံးသပ်ဖို့လိုပါတယ်။ ဒါပေမဲ့ နိုင်ငံရဲ့ စီးပွားရေးပျက်ပြားအောင် နိုင်ငံရေးရည်ရွယ်ချက်နဲ့ လှုံ့ဆော်မှုတွေရှိတာကြောင့် ပြဿနာဖြစ်တယ်လို့ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်က ပြောခဲ့ပါတယ်(Oo & Crispin, 2021)။

ဒါ့အပြင် ဖြစ်နေတဲ့ ပြဿနာကို အမှန်တကယ်နားလည်ပြီး စစ်ကောင်စီနဲ့ ဗဟိုဘဏ်တို့မှာ ဖြေရှင်းလိုတဲ့စိတ်ဆန္ဒ ရှိ၊ မရှိ ဆိုတာကလည်း အာဏာသိမ်းပြီးနောက်ပိုင်း ဗဟိုဘဏ်ရဲ့လုပ်ဆောင်ချက်တွေကြောင့် မေးခွန်းထုတ်စရာ ဖြစ်ခဲ့ပါတယ်။ စစ်ကောင်စီရဲ့ ကြိုးကိုင်မှုအောက်မှာရှိတဲ့ ဗဟိုဘဏ်ဟာ စီးပွားရေးလုပ်ငန်းတွေ၊ အဖွဲ့အစည်းတွေနဲ့ ပုဂ္ဂလိကဘဏ်စာရင်းတွေရဲ့ ငွေအဝင်အထွက်တွေကို ထိန်းချုပ်ဖို့ကြိုးစားတာ၊ စိစစ်တာတွေ လုပ်နေတဲ့အတွက် ငွေအပ်နှံသူများရဲ့ ပုဂ္ဂလိကသတင်းအချက်အလက်များ နေ့စဉ် ချိုးဖောက်ခံနေရပါတယ်လို့ ထောက်ပြထားပါတယ်။ ဒါ့ကြောင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဟာ သူတို့ရဲ့လုပ်ငန်းလည်ပတ်ငွေထက်ပိုတဲ့ ငွေကြေးတွေကို ပြည်တွင်းဘဏ်တွေမှာ မထားတော့ဘဲ ပြည်ပနိုင်ငံတွေဆီ ပြောင်းရွှေ့အပ်နှံလာနိုင်တာကြောင့် နိုင်ငံအတွက် ဆုံးရှုံးမှုတွေ ရေ့လျှောက် ဖြစ်လာနိုင်ပါတယ်။

> ‘…အတင်းအကျပ်ချမှတ်တဲ့ မူဝါဒတွေနဲ့ ဆက်သွားမယ်ဆိုရင် ရှိရင်းစွဲပြဿနာတွေ မဖြေရှင်းနိုင်တဲ့အပြင် ဆေးကြောင့်လေးဖြစ်ပြီး စီးပွားရေးတခုလုံး ပြိုလဲဖို့အထိ ဖြစ်နိုင်တယ်’

အထက်ဖော်ပြပါ သုံးသပ်ချက်တွေမှာ ဘဏ်စနစ် အကျပ်အတည်းကို ဦးတည်နေပြီဆိုတာ ထင်ထင်ရှားရှား ထောက်ပြထားပါတယ်။ ဒါပေမဲ့ ရှောင်လွှဲနိုင်မယ့် နည်းလမ်းတွေကို တိတိကျကျ ဆွေးနွေးပြထားတာ မရှိပါဘူး။ အကျပ်အတည်း ကျရောက်မယ့် အန္တရာယ်ရဲ့ ပြင်းထန်မှုကိုတော့ လျှော့ချနိုင်ဖို့ တင်ပြခဲ့တာတွေ ရှိပါတယ်။ စစ်ကောင်စီနဲ့ ဗဟိုဘဏ်ဟာ အခုလက်ရှိလုပ်နေတဲ့ ခြိမ်းခြောက်မှုတွေ၊ အတင်းအကျပ်ချမှတ်တဲ့ မူဝါဒတွေနဲ့ ဆက်သွားမယ်ဆိုရင် ရှိရင်းစွဲပြဿနာတွေ မဖြေရှင်းနိုင်တဲ့အပြင် ဆေးကြောင့်လေးဖြစ်ပြီး စီးပွားရေးတခုလုံး ပြိုလဲဖို့အထိ ဖြစ်နိုင်တယ်လို့ Frontier Myanmar ရဲ့ဆောင်းပါးမှာ မှတ်ချက်ပေးထားပါတယ် (Khine, 2021)။ ဒီပြဿနာကိုဖြေရှင်းဖို့ စစ်ကောင်စီနဲ့ ဗဟိုဘဏ်ရဲ့မူဝါဒတွေအပေါ် အားထားလို့မရကြောင်းလည်း ဆွေးနွေးထားကြပါတယ် (ibid)။ EIU ရဲ့အစီအရင်ခံစာမှာတော့ ဘတ်ဂျက်လိုငွေဖြည့်ဖို့၊ နိုင်ငံခြားချေးငွေတွေကို ပြန်ဆပ်နိုင်ဖို့အတွက် ငွေပေါ်စေမယ့် မူဝါဒတွေချဖို့ စစ်ကောင်စီက ဗဟိုဘဏ်ကို ညွှန်ကြားလာနိုင်တယ်၊ ဒါပေမဲ့ နိုင်ငံခြားအရန်ငွေ နည်းပါးနေတာရယ်၊ ဘဏ်ချေးငွေစနစ် မဖွံ့ဖြိုးခဲ့တာတွေကြောင့် ဗဟိုဘဏ်ရဲ့ ဘဏ္ဍာရေးအရ ဝင်ရောက်ဖြေရှင်းနိုင်စွမ်းက အကန့်အသတ်ရှိနေမယ်

လို့ ဆိုပါတယ် (The Economist Intelligence Unit, 2021)။ Asia Times မဂ္ဂဇင်းရဲ့ ဆောင်းပါးမှာ ဆက်စပ်ပြီးဆွေးနွေးတာက 'စစ်ကောင်စီရဲ့အဓိက စိုးရိမ်ပူပန်မှုဟာ နိုင်ငံရေးနဲ့ လုံခြုံရေးသာဖြစ်လို့ စီးပွားရေးကဏ္ဍကို ထည့်တွက်စဉ်းစားမယ့်ပုံ မပေါ်ဘူး။ ဒါ့ကြောင့် ဒီအခြေအနေမှာ ဘဏ်တွေအနေနဲ့ ကိုယ့်အားကိုယ်ကိုးပြီး ပြန်လည်ထူထောင်နိုင်အောင် ကြိုးစားဖို့လိုတယ်၊ တချို့ဘဏ်တွေမှာ အပ်ငွေ တဖြည်းဖြည်း ပြန်ရလာရင် ထူထူထောင်ထောင် ပြန်ဖြစ်လာနိုင်မယ်၊ ဒါပေမဲ့ ဘဏ်တချို့ကတော့ နှစ်ပေါင်းတော်တော်ကြာတဲ့အထိ နာလန်ထူနိုင်ဦးမှာ မဟုတ်ဘူး'လို့ ပြောထားပါတယ် (Oo & Crispin, 2021)။

**■ ငွေကြေးဖောင်းပွမှုညွှန်းကိန်း**




၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၈ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး ၂၀၂၂ ခုနှစ်တွင် ၁၂ ဒသမ ၁ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားသည်။ သို့သော် ကမ္ဘာ့ဘဏ်ကမူ ၆ ရာခိုင်နှုန်းသာ ရှိမည်ဟု ခန့်မှန်းထားသည်။

ရည်ညွှန်း - The EIU, 2021

## ဆန်းစစ်သုံးသပ်ခြင်း

ကမ္ဘာ့နိုင်ငံတွေမှာ ဘဏ်စနစ်ကပ်ဆိုက်ခြင်းနဲ့ ပတ်သက်ပြီး အဓိက ဖြေရှင်းပေးနေတဲ့ ငွေကြေးအဖွဲ့အစည်းတွေ၊ ပညာရှင်တွေက ဘယ်လိုအခြေအနေမျိုးကို ဘဏ်စနစ် ကပ်ဆိုက်ခြင်းလို့ ခေါ်နိုင်မလဲဆိုတဲ့အပေါ် အဓိပ္ပာယ်ဖွင့်ဆိုထားတာတွေ ရှိပါတယ်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ပညာရှင်တွေက ဘဏ်စနစ်မှာ သိသာထင်ရှားတဲ့ အချက်နှစ်ချက်အရ ဘဏ်တွေ ကပ်ဆိုက်နေပြီဆိုတာကို ဖော်ပြနိုင်တယ်လို့ ဆိုပါတယ်။ ပထမအချက်က ဘဏ်တွေမှာ ငွေ အစုလိုက်အပြုံလိုက်ထုတ်မှုကို တချိန်တည်းကြုံရတဲ့အခါဖြစ်စေ၊ ငွေကြေးဆုံးရှုံးမှု အမြောက်အမြားကြုံရတဲ့အခါဖြစ်စေ၊ ပိုင်ဆိုင်မှုတွေကို ငွေသားအဖြစ်ဖော်ယူဖို့ အခက်အခဲ ကြုံရတဲ့အခါဖြစ်စေ ဘဏ္ဍာရေးအရ ဆုံးရှုံးမှုကြီးမားပြီး ဘဏ်တွေ ကပ်ဆိုက်နေတယ်ဆိုတာကို ဖော်ပြပါတယ်။ ဆုံးရှုံးမှုကြီးမားတယ်ဆိုတာက ဘဏ်ကြွေးဆုံး (Non-performing loan) ပမာဏ ၂၀ ရာခိုင်နှုန်းထက် များပြားလာတာ၊ ဘဏ္ဍာရေးစနစ်ပြန်လည်တည်ဆောက်ရာမှာ ကုန်ကျစရိတ်က ဂျီဒီပီရဲ့ ငါးရာခိုင်နှုန်းထက် ပိုများလာတာကို ခေါ်ပါတယ်။ ဒုတိယအချက်က ဗဟိုဘဏ်ရဲ့တုံ့ပြန်ချက်တွေကတဆင့် သိနိုင်ပါတယ်။ အာဏာပိုင်တွေက ကြားဝင်ဖြေရှင်းတဲ့ မူဝါဒတွေ သိသိသာသာ ပြုလုပ်လာပြီဆိုရင် ဘဏ်တွေကပ်ဆိုက်နေပြီလို့ ဆိုနိုင်ပါတယ်။

IMF ရဲ့ မူဝါဒအရ ကြီးမားတဲ့ ကြားဝင်ဖြေရှင်းမှု ရှိ၊ မရှိ တိုင်းတာရာမှာပါရှိတဲ့ အချက်ခြောက်ချက်က

(၁) ဘဏ်အပ်ငွေထုတ်ပေးမှုကို ခေတ္တရပ်ဆိုင်းတာ၊

(၂) ပြိုလဲနိုင်ခြေရှိတဲ့ဘဏ်တွေကို အစိုးရက ပြည်သူပိုင်သိမ်းယူတာ၊

(၃) ဘဏ်စနစ် ပြန်လည်တည်ဆောက်ဖို့ အစိုးရက (ဂျီဒီပီရဲ့သုံးရာခိုင်နှုန်းထက်ပိုတဲ့) ငွေလုံးငွေရင်း စိုက်ထုတ်တာ၊

(၄) ဘဏ်တွေ ငွေဖြစ်လွယ်မှုအတွက် ဘဏ်အပ်ငွေနဲ့ ပေးရန်ကျန်ငွေပမာဏများရဲ့ ငါးရာခိုင်နှုန်းအထက်ရှိတဲ့ ငွေကြေးကို ထောက်ပံ့ပေးတာ၊

(၅) ဘဏ်တွေကို အစိုးရက အာမခံထုတ်ပေးတာနဲ့
(၆) ဘဏ်တွေရဲ့ ပိုင်ဆိုင်မှုတွေကို သိသိသာသာ ဝယ်ယူလာတာတွေ ဖြစ်ပါတယ်။

ဒီထဲကအချက်တွေ အကုန်လုံးကိုက်ညီမှ ဘဏ်တွေ ကပ်ဆိုက်တယ်လို့ သတ်မှတ်နိုင်တာမျိုးတော့ မဟုတ်ပါဘူး။ အနည်းဆုံး အချက်သုံးချက်ကို အစိုးရက တစိုက်မတ်မတ် လုပ်လာပြီဆိုရင် ဒါဟာ ဘဏ်တွေ အကျပ်အတည်းဆိုက်နေပြီလို့ ပြောနိုင်ပါတယ် (Laeven & Valencia, 2018)။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဘဏ်တွေရဲ့အခြေအနေကို IMF ရဲ့ ဘဏ် ကပ်ဆိုက်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ဆန်းစစ်မှု ပြုနိုင်ပါတယ်။ အခုကာလတွေဟာ ဘဏ်တွေမှာ ငွေ အစုလိုက်အပြုံလိုက် ထုတ်မှုတွေ တချိန်တည်း ကြုံနေရတာ၊ ဘဏ်ကြွေးဆုံးပါဝင်မှု ၂၀ ရာခိုင်နှုန်းထက် များပြားလာတာတွေဟာ IMF ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ပထမအချက်ထဲက အခြေအနေအချို့နဲ့ ကိုက်ညီနေပါတယ်။ IMF အနေနဲ့က ပထမအပိုင်းဖြစ်တဲ့ ဘဏ်တွေရဲ့ဆုံးရှုံးမှုတွေအပေါ် လုံးလုံးလျားလျား မူတည်ပြီး ကပ်ဆိုက်တယ်၊ မဆိုက်ဘူးပြောတာဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက်ဆို အလုံးစုံမမှန်ကန်ဘူးလို့ ယူဆပါတယ်။ ဒါပေမဲ့ ဗဟိုဘဏ်တွေရဲ့ တုံ့ပြန်မှုကြောင့်လည်း ရံဖန်ရံခါမှာ ပြဿနာကို ပိုကြီးစေနိုင်ပါတယ်။ ဒါကြောင့် ဒုတိယအပိုင်းဖြစ်တဲ့ ဗဟိုဘဏ်တွေက ဖြေရှင်းတဲ့မူဝါဒတွေကိုလည်း ကြည့်ရမှာပါ။ မြန်မာနိုင်ငံ ဗဟိုဘဏ်ကတုံ့ပြန်တဲ့ မူဝါဒတွေကို လေ့လာတဲ့အခါ အချက်ခြောက်ချက်မှာ (၁) ဘဏ်အပ်ငွေ ပြန်လည်ထုတ်ယူတဲ့အခါ ကန့်သတ်ခြင်း၊ (၂) ငွေဖြစ်လွယ်မှု အချိုးအစား ပြင်ဆင်မှုတွေ ပြုလုပ်ပေးခြင်း စတဲ့နှစ်ချက်နဲ့ အနည်းငယ်ကိုက်ညီမှုရှိပြီး အခြားပြင်းထန်တဲ့ ကြားဝင်ဖြေရှင်းမှု မတွေ့ရသေးပါဘူး။ ဒါဟာလည်း သတင်းအချက်အလက် ပွင့်လင်းမြင်သာမှု အားနည်းတာကြောင့် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါကြောင့်လည်း Financial Times မှာ ဖော်ပြခဲ့တဲ့ ဒေါက်တာသန့်မြင့်ဦးရဲ့ ပြောကြားချက်ကလွဲပြီး အခြားဖော်ပြထားတဲ့ ဆောင်းပါးတွေနဲ့ အစီရင်ခံစာတွေမှာ အကြောင်းချင်းရာနဲ့ စကားလုံးအသုံးအနှုန်းတွေအရ ဗဟိုဘဏ်အပါအဝင် လေ့လာသုံးသပ်သူတွေက ကပ်ဆိုက်မှုဆိုတာထက် ငွေစက္ကူအကျပ်အတည်း (သို့မဟုတ်) ငွေသားရှားပါးမှုပြဿနာလို့ပဲ ဆိုကြ၊ သုံးနှုန်းကြတာကို တွေ့ရပါတယ်။ ဘဏ်အကျပ်အတည်း နောင်မှာ ဖြစ်လာနိုင်တယ်လို့တော့ ပြောကြပါတယ်။ The Economist Intelligence Unit (2021) ရဲ့ အစီရင်ခံစာတွေမှာ ဘေးတွေ့နိုင်တဲ့ အလားအလာတွက်ချက်မှုကို 'အလွန်မြင့်တက်'နဲ့ 'မြင့်တက်'ဆိုပြီး အမျိုးအစားနှစ်မျိုးနဲ့ ဖော်ပြလေ့ရှိပေမယ့် မြန်မာနိုင်ငံရဲ့ ဘဏ်အကျပ်အတည်း ဖြစ်နိုင်ချေကိုတော့ မြင့်တက်နေတယ်လို့ပဲ ဖော်ပြထားပါသေးတယ်။ ကမ္ဘာ့ဘဏ်ရဲ့ အစီရင်ခံစာမှာလည်း အခုဖြစ်နေတဲ့ ငွေသားရှားပါးမှုအပါအဝင် ဘဏ္ဍာရေးပြဿနာတွေကို 'ငွေဖြစ်လွယ်မှုအတွက် အခက်အခဲဖိအားများ' လို့ ဖော်ပြပါတယ်။ ဘဏ်တွေပြိုလဲနိုင်တဲ့ အကျပ်အတည်း ဆိုက်ရောက်နိုင်တာကို ဆွေးနွေးချက်တွေထဲမှာ မတွေ့ရပါဘူး။

**၇၇**
**ရာခိုင်နှုန်း**

ဘဏ်ချေးငွေများ၏ ၇၇ ရာခိုင်နှုန်းမှာ ခိုင်မာသောအပေါင်ပစ္စည်းအဖြစ် ယူဆထားသည့် အိမ်ခြံမြေများ ဖြစ်နေသည်။

ရည်ညွှန်း - GIZ Myanmar, 2021

စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံဘဏ်စနစ် အခြေအနေနဲ့ ပတ်သက်ပြီး ပြည်တွင်းပြည်ပ သုတေသနအဖွဲ့အစည်းတွေက အကျယ်တဝင့် သုံးသပ်ထားခြင်း မရှိသေးပါဘူး။ ဒါပေမဲ့ ၂၀၂၁ ခုနှစ် ဇန်နဝါရီမှာ ထုတ်ပြန်ခဲ့တဲ့တဲ့ စာတမ်းတစောင်မှာ မြန်မာနိုင်ငံရဲ့ ဘဏ်တွေအခြေအနေကို ဆွေးနွေးထားတာ ရှိပါတယ်။ ဂျာမနီအခြေစိုက်ဖြစ်တဲ့ Deutsche Gesellschaft Fur Internationale Zusammenarbeit (GIZ Myanmar, 2021) က ထုတ်ပြန်တဲ့စာတမ်းမှာ ဘဏ္ဍာရေး အခြေခံအဆောက်အအုံတွေ အားနည်းခဲ့တဲ့ မြန်မာနိုင်ငံရဲ့ဘဏ်စနစ်ဟာ ကိုဗစ်အလွန်ကာလတွေမှာ များစွာချည့်နဲ့သွားနိုင်တယ်လို့ သုံးသပ်ထားပါတယ်။ ၂၀၁၉ ခုနှစ်အထိ မြန်မာ့ဘဏ္ဍာရေး အခြေခံအဆောက်အဦ ပြည့်စုံမှု ဟာ လာအိုနိုင်ငံအပါအဝင် အခြား အရှေ့တောင်အာရှနိုင်ငံများအားလုံးရဲ့ နောက်ဆုံးမှာရှိနေပါတယ်။

လူတသိန်းမှာ ATM စက် ငါးလုံးသာရှိပြီး အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာ ATM စက် ၁၁၀ ကျော်နဲ့ မလေးရှားနိုင်ငံမှာ ၄၅ လုံးကျော် ရှိပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်း ဘဏ္ဍာရေးကဏ္ဍမှာ ပုဂ္ဂလိကဘဏ်တွေက အရှိန်အဟုန်နဲ့ နေရာယူလာပေမဲ့ ဗဟိုဘဏ်ရဲ့ ခေတ်နောက်ကျတဲ့ တရားသေမူဝါဒတွေကြောင့် အမြတ်ငွေနည်းပါးပြီး ချေးငွေဆုံးရှုံးမှုရာခိုင်နှုန်း များလာပါတယ်။

**INFOGUIDE**

## ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၈ ခုနှစ်တွင် အာဆီယံနိုင်ငံများ၏ ငွေကြေးကဏ္ဍတိုးတက်မှုပြ ညွှန်းကိန်း




၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၈ ခုနှစ်များအတွက် အာဆီယံနိုင်ငံများ၏ ငွေကြေးကဏ္ဍတိုးတက်မှုပြညွှန်းကိန်း ဖြစ်သည်။ ယခု အချက်အလက်များအား IMF က ၂၀၂၀ ပြည့်နှစ်အတွက် ဘဏ္ဍာရေးအချက်အလက်များကို ရည်ညွှန်းကိုးကားပြီး GIZ Myanmar ၏ အစီအရင်ခံစာ၌ ဖော်ပြခဲ့ခြင်းဖြစ်သည်။ ၂၀၁၀ခုနှစ်ကာလများတွင် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး အဆောက်အဦများသည် ၂၀၁၀ ပြည့်နှစ်နဲ့ နှိုင်းယှဉ်ပါက တိုးတက်မှုရှိလာသော်လည်း အခြားသော အရှေ့တောင်အာရှနိုင်ငံများထက် များစွာနေးကွေးနေကြောင်း IMF ၏ GIZ Myanmar က ထောက်ပြထားသည်။

ရည်ညွှန်း - World Development Indicators, 2020 from GIZ Myanmar, 2021

ဘဏ် ချေးငွေတွေအတွက် အကဲဖြတ်မှုနဲ့ အတိုးနှုန်းဟာ အခြားနိုင်ငံတွေက ဘဏ်တွေလို လွတ်လွတ်လပ်လပ် မလုပ်နိုင်ဘဲ ဗဟိုဘဏ်က ပြဋ္ဌာန်းထားတဲ့ နှုန်းအတိုင်းသာ ချမှတ်နိုင်ပါတယ်။ ဘဏ်ချေးငွေတွေရဲ့ ၇၇ ရာခိုင်နှုန်းဟာ ခိုင်မာတဲ့ အပေါင်ပစ္စည်းအဖြစ် ယူဆထားတဲ့ အိမ်ခြံမြေတွေပဲ ဖြစ်နေပါတယ်။ ကိုဗစ်ကာလအတွင်း စီးပွားရေးကျဆင်းမှုတွေကြောင့် အပေါင်ဆုံးအိမ်ခြံမြေတွေဟာ ဘဏ်တွေအတွက် ဆုံးရှုံးမှုကြီး ဖြစ်လာနိုင်ပါတယ်။

ကာလလတ်နဲ့ ကာလရှည်မှာ ဘဏ္ဍာရေးစနစ် တည်ငြိမ်မှုရှိအောင် နိုင်ငံတကာစံနှုန်းတွေကို လိုက်နာဖို့၊ ပွင့်လင်းမြင်သာမှုရှိဖို့၊ ကြွေးဆုံးချေးငွေတွေနဲ့ ပတ်သက်ပြီး တိကျသေချာတဲ့ မဟာဗျူဟာရှိဖို့၊ လူတိုင်းအကျုံးဝင် ငွေရေးကြေးရေးကဏ္ဍကိုလည်း ကျယ်ပြန့်အောင်ဆောင်ရွက်ဖို့ အစီရင်ခံစာက အကြံပြုထားပါတယ်။ ဒါပေမဲ့ အထက်ပါအကြောင်းအချက်တွေ မညီညွတ်ခဲ့ရင် ဘဏ္ဍာရေးစနစ်တခုလုံး ပြိုလဲသွားနိုင်တဲ့အထိ ရောက်သွားစေနိုင်တယ်လို့တော့ မဖော်ပြထားပါဘူး။ ဒါက စစ်အာဏာမသိမ်းခင်ကာလ သုံးသပ်ချက်ဖြစ်တာကြောင့် ဒီနောက်ပိုင်းမှာ အပြောင်းအလဲအများကြီး ရှိနိုင်ပါတယ်။ ဒါပေမဲ့ လက်ရှိ အချက်အလက်တွေအရ မြန်မာနိုင်ငံက ဘဏ်တွေ ကပ်ဆိုက်ခြင်း ရှိ၊ မရှိဆိုတဲ့အပေါ် ယတိပြတ်အဖြေပေးလို့ မရသေးပါ

**INFOGUIDE**

■ **၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၉ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများရှိ အရွယ်ရောက်သူ လူဦးရေတသိန်းလျှင်ရှိသော ATM စက်အရေအတွက် နှိုင်းယှဉ်ပြပုံ**




၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၉ ခုနှစ်များတွင် အာဆီယံနိုင်ငံများရှိ အရွယ်ရောက်သူလူဦးရေ တသိန်းလျှင်ရှိသော ATM စက်အရေအတွက်များအား နှိုင်းယှဉ်ပြထားခြင်းဖြစ်သည်။ World Development Indicators ၏ ၂၀၂၀ ပြည့်နှစ် အချက်အလက်များကို ကိုးကားပြီး GIZ Myanmar ၏ အစီအရင်ခံစာ၌ ဖော်ပြထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လူတသိန်းလျှင် ATM စက် ငါးလုံးသာရှိပြီး အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံတွင်မူ ၁၁၀ ကျော်နှင့် မလေးရှားနိုင်ငံတွင် ၄၅ လုံးကျော် ရှိသည်။

ရည်ညွှန်း - World Development Indicators, 2020 from GIZ Myanmar, 2021

INFOGUIDE

## ■ ပုဂ္ဂလိကဘဏ်များ၏ ချေးငွေအပေါင်ခံပစ္စည်း အမျိုးအစားများ (၂၀၁၉ ဒီဇင်ဘာ)




၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွက် ပုဂ္ဂလိကဘဏ်များ၏ ချေးငွေ အပေါင်ခံပစ္စည်း အမျိုးအစားများကို ရာခိုင်နှုန်းနှင့် ဖော်ပြထားခြင်းဖြစ်သည်။ ပုဂ္ဂလိကဘဏ်များရှိ အပေါင်ခံပစ္စည်းများ၏ ၇၇ ရာခိုင်နှုန်းသည် အိမ်ခြံမြေနှင့် အဆောက်အဦးများဖြစ်သောကြောင့် အိမ်ခြံမြေဈေးများ အဆမတန်ကျဆင်းခဲ့ပါက ဘဏ်များအနေဖြင့် အဆုံးအရှုံးကြုံရနိုင်ကြောင်း GIZ Myanmar က ထောက်ပြထားသည်။

ရည်ညွှန်း - CBM Quarterly Financial Statistical Bulletin, 2019 Vol III from GIZ Myanmar, 2020

ဘူး။ ဘယ်လိုပဲဖြစ်စေကာမူ မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေး အခြေခံအဆောက်အအုံ မခိုင်မာမှု၊ ဘဏ်စနစ်အပေါ် ပြည်သူများ အယုံအကြည်ကင်းမဲ့မှု၊ ဗဟိုဘဏ်ရဲ့ မူဝါဒ အားနည်းချက်တွေကြောင့် အမိုက်ကစ ပြဿဒ်မီးလောင်တဲ့အထိ ဆုံးရှုံးမှုတွေ ဆင့်ကဲဖြစ်ပွားနိုင်ပြီး ဘဏ်စနစ်တခုလုံး ပြိုလဲမယ့်ကပ်ဘေးက ချက်ချင်းဆိုသလို ကျရောက်နိုင်တဲ့သဘော ရှိပါတယ်။ အခုကာလမှာ ဘဏ်တွေ ကပ်ဆိုက်ခြင်းကနေ ရှောင်လွဲနိုင်ရင်တောင် အရင်းခံ နာတာရှည်အဖြစ် ဆက်ရှိသွားပြီး နိုင်ငံရဲ့စီးပွားရေး အတွက် ကြီးမားသော ဆိုးကျိုးဖြစ်ပေါ်စေနိုင်တဲ့ ဖြစ်တန်ချေကိုလည်း ထည့်သွင်း စဉ်းစားရမှာ ဖြစ်ပါတယ်။

### ဂယက်ရိုက်နိုင်တဲ့ နောက်ဆက်တွဲများ

လက်တလော မြန်မာနိုင်ငံရဲ့စီးပွားရေးအခြေအနေနဲ့ပတ်သက်ပြီး သုံးသပ်ချက်တွေမှာ ဘဏ်စနစ်ပြိုလဲမယ့်ကပ်ဘေးဆိုက်ရောက်နေပြီလား ဆိုတဲ့အပေါ် လေ့လာသူတွေက အလေးထား ဆန်းစစ်မှုတွေ လုပ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံဘဏ်တွေရဲ့ ပြဿနာဟာ ငွေစက္ကူ အကျပ်အတည်းကနေ ဘဏ်အကျပ်အတည်း ဆိုက်ရောက်နေပြီလို့ မှတ်ယူပြောဆိုကြတဲ့အခါ ဆိုးကျိုးဂယက်တွေ ရှိလာပါတယ်။

ဘဏ်တွေမှာ အပ်ငွေမရှိဘဲ ငွေပြန်ထုတ်မှုတွေပဲ ဆက်တိုက်လုပ်ကြတဲ့ အခုလို အချိန်မျိုးမှာ ဘဏ်အကျပ်အတည်းအဖြစ် ပုံဖော်မှုတွေက ပြည်သူရဲ့ယုံကြည်မှု ပိုမို ကျဆင်းစေပြီး ဘဏ်တွေရဲ့ ဆုံးရှုံးမှုအခြေအနေကိုလည်း ပိုမိုဆိုးဝါးစေနိုင်ပါတယ်။ ဘဏ်တွေပြိုလဲတော့မယ်ဆိုတဲ့ သတင်းတွေကြောင့် အချို့စီးပွားရေးလုပ်ငန်းတွေ ဟာ ပုဂ္ဂလိကဘဏ်တွေမှာထားရှိတဲ့ အပ်ငွေကို အစိုးရဘဏ်တွေဆီ ပြောင်းလဲအပ်နှံ တာတွေ ရှိလာနိုင်တာကြောင့် ပုဂ္ဂလိကဘဏ်တွေရဲ့ရေရှည်ရပ်တည်နိုင်မှုက ပြဿ နာ ဖြစ်လာနိုင်ပါတယ်။ ဒါ့အပြင် အမှန်တကယ်လိုအပ်လို့ ထုတ်ယူသူများရှိသလို ဘဏ်တွေပြိုလဲမှာစိုးတာကြောင့် ပိုလျှံတဲ့ငွေကြေးတွေကို အပိုကြေးငွေပေးပြီး ထုတ်ယူမှုတွေ ရှိနေဆဲဖြစ်ပါတယ်။ ငွေဖြစ်လွယ်တဲ့ရွှေကို ဝယ်ယူတာ၊ နိုင်ငံခြား ငွေကြေးတွေနဲ့လဲလှယ်ပြီးသိမ်းဆည်းထားတာ၊ နိုင်ငံခြားကိုလွှဲပြောင်းပြီး စုဆောင်း တာတွေ ပိုများလာနိုင်ပါတယ်။ ဂယက်အားဖြင့် လုပ်ငန်းတွေ နိစ္စဓူဝလည်ပတ်ဖို့ အခက်အခဲများစွာ ဖြစ်စေရုံသာမကဘဲ ငွေကြေးဈေးကွက် ကမောက်ကမဖြစ်စေပြီး နိုင်ငံရဲ့နိုင်ငံခြားငွေဆုံးရှုံးမှုတွေ ဖြစ်နိုင်ပါတယ်။ အခုလို ကိုဗစ်ကူးစက်ရောဂါ တတိ ယလှိုင်းဒဏ်ကို အပြင်းအထန်ခံနေရချိန်မှာ အွန်လိုင်းငွေပေးချေမှုစနစ်ကို လက်မခံ တာဟာ ငွေရှိပါလျက် အသုံးပြုမရဘဲ အသက်သေဆုံးတဲ့အထိဖြစ်အောင် တွန်းပို့တဲ့ ကြီးစွာသောထိုးနှက်မှု ဖြစ်စေပါတယ်။ ပြည်ပကနေတင်သွင်းတဲ့ ဆေးဝါး၊ စက် ပစ္စည်းတွေကို မှာယူဖို့ အင်မတန်ခက်ခဲသလို၊ ပြည်တွင်းဈေးကွက်မှာလည်း ဈေး အဆမတန်ပေးပြီး ဝယ်ယူနေရတဲ့အတွက် လုံလောက်တဲ့ ကာကွယ်၊ ကုသ၊ ထိန်း ချုပ်မှုတွေကို အချိန်မီလုပ်ဆောင်ဖို့ အဟန့်အတားဖြစ်စေပါတယ်။ ဒါ့အပြင် ပြည်သူ များအနေနဲ့ ငွေသားအခက်အခဲ၊ စားဝတ်နေရေးနဲ့ ကိုဗစ်ကူးစက်ရောဂါ ကပ်ဘေး ဒုက္ခတွေကို ပူပန်မှုကြီးကြီးနဲ့ နေ့စဉ် ရင်ဆိုင်ဖြေရှင်းနေရတဲ့အတွက် စစ်အာဏာရှင် စနစ် တော်လှန်ရေးနဲ့ လူထုလှုပ်ရှားမှုမှာ ဆန္ဒရှိသလောက်ပါဝင်ဖို့ရာ အကန့်အသတ် များ ဖြစ်စေနိုင်ပါတယ်။

**နိဂုံး**

ဘဏ်တွေ ပြိုလဲတော့မယ်ဆိုတဲ့ ဆွေးနွေးချက်တွေက ဖွံ့ဖြိုးဆဲ နိုင်ငံတနိုင်ငံ အတွက် စီးပွားရေးကဏ္ဍမှာတင်မကဘဲ လူမှုရေး၊ ကျန်းမာရေး၊ နိုင်ငံရေးအထိပါ ကြီးမားစွာသက်ရောက်စေနိုင်လို့ သတိကြီးကြီးထားရမယ့် အရေးကိစ္စဖြစ်ပါတယ်။ ကပ်ဆိုက်ရောက်နိုင်ခြေရှိတာကို မသိကျိုးကျွန်ပြုပြီး ဘာမှမဖြစ်သလို နေလို့မရနိုင် သလို အလွန်အကျွံပူပန်ပြီး ချက်ချင်း တုံ့ပြန်မှုတွေမလုပ်ဖို့လည်း လိုပါတယ်။ အခု သုံးသပ်ခဲ့တဲ့ ဆောင်းပါးတွေဟာ မြန်မာနိုင်ငံရဲ့ဘဏ်စနစ် ပြိုလဲမယ့်ကပ် ဆိုက် ရောက်နိုင်ခြေအပေါ် အဓိကကျတဲ့ သီအိုရီယူဆချက်များဖြစ်တဲ့ အုပ်ချုပ်တဲ့ အဖွဲ့ အစည်းနဲ့ ဘဏ်စနစ်အပေါ် ယုံကြည်မှု ကျဆင်းတာ၊ ဘဏ်စနစ်ရဲ့ တည်ဆောက်ပုံ ခိုင်မာမှုအားနည်းတာ၊ အုပ်ချုပ်သူတွေရဲ့မူဝါဒ ဒွိဟဖြစ်စရာရှိတာတွေအပေါ် အခြေ ခံပြီး သုံးသပ်ခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီဆောင်းပါးတွေ၊ အစီရင်ခံစာတွေဟာ လက်ရှိ

၁၈
ရာခိုင်နှုန်း

မြန်မာနိုင်ငံသည်
ကိုဗစ်ကပ်ဘေးနှင့်အတူ
စစ်အာဏာသိမ်းမှုကိုပါ ကြုံခဲ့ရသဖြင့်
ယခုနှစ်အတွင်း နိုင်ငံ့စီးပွားရေး ၁၈
ရာခိုင်နှုန်း ကျဆင်းနိုင်သည်။

ရည်ညွှန်း - The World Bank, 2021

ငွေကြေး ပြဿနာကတဆင့် ဖြစ်နိုင်တဲ့ စီးပွားရေးဆိုင်ရာ ဆင့်ပွားပြဿနာတွေကို ဆွေးနွေးထားကြတာဖြစ်လို့ ဆွေးနွေးချက်တွေဟာ ကျယ်ပြန့်ပါတယ်။ ဘဏ်တွေရဲ့ ကြံ့ခိုင်မှုက နိုင်ငံ့စီးပွားရေးနဲ့ ပြည်သူများရဲ့ စားဝတ်နေရေးတွေအပေါ်မှာပါ အများကြီး သက်ရောက်မှုရှိတာကြောင့် အမြဲတမ်း သတိပြုလေ့လာသင့်တဲ့ ကိစ္စတရပ်ဖြစ်ပါတယ်။ ဒ့ါကြောင့် အာဏာသိမ်းပြီးကာလ၊ ကိုဗစ်-၁၉ တတိယလှိုင်းဒဏ် ခံနေရတဲ့ ကာလတွေမှာ ဘဏ်တွေရဲ့ကြံ့ခိုင်မှုကို ဆန်းစစ်ဖို့ ဘဏ်စနစ်တခုတည်းကို ခြေခြေမြစ်မြစ် သုံးသပ်တင်ပြထားတဲ့ ဆောင်းပါး၊ သုံးသပ်ချက်၊ သုတေသနများ ပေါ်ထွက်လာဖို့လည်း အရေးကြီးပါတယ်။ ■

## ■ ရည်ညွှန်းကိုးကား


GIZ Myanmar. (2021, January). Myanmar's Banking Sector in Stormy Waters: Staying on the reform course before and amidst COVID-19 crisis. *Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH.* https://2020.giz-banking-report-myanmar.com/epaper/Myanmar_Banking_Report_2020.pdf, [Access Date: 2021, July 15]

Htwe, C. (2020, February 18). NPLs at three state-owned banks exceed K260 billion. *Myanmar Times.* Available at: https://www.mmtimes.com/news/npls-three-stateowned-banks-exceed-k260-billion.html, [Access Date: 2021, July 5]

International Monetary Fund (1998). *World Economic Outlook: May 1998.* International Monetary Fund. https://doi.org/10.5089/9781557757401.081

Laeven, L., & Valencia, F. (2018). Systemic Banking Crises Revisited. *IMF Working Papers, 18*(206), 1. https://doi.org/10.5089/9781484376379.001, [Access Date: 2021, July 18]